**ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်**
**ဗဟိုစစ်ဦးစီးဌာနချုပ်**
**ကော်သူးလေ**

ရက်စွဲ - ၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်

## အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့်ရပ်တည်ချက်

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)သည် ကရင်အမျိုးသားလွတ်မြောက်ရေးနှင့်ကာကွယ်ရေးအတွက် KNU ကရင်အမျိုးသားအစည်းအရုံးမှဖွဲ့စည်းသည့် ကရင့်အမျိုးသားတော်လှန်ရေးတပ်မတော်တရပ်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ မိမိတို့တပ်မတော်မှ အောက်ပါရပ်တည်ချက်မှုများကို ဆုံးဖြတ်ချမှတ်ခဲ့သည်။

၁။ မိမိတို့၏ခရိုင်/တပ်မဟာနယ်မြေများအတွင်း ဗမာ့တပ်မတော်မှ တပ်အင်အားတိုးချဲ့ချထားခြင်း၊ လက်နက်ခဲယမ်းများဖြည့်ဆည်းတိုးချဲ့ပို့ဆောင်ခြင်းများကို မပြုလုပ်ရန်။

၂။ ဗမာ့တပ်မတော်မှ ရှေ့တန်းတပ်စခန်းအချို့အား ရုတ်သိမ်းပေးရန်။

၃။ နစ်ဖက်တိုက်ခိုက်မှုကိုရှောင်ရှားနိုင်ရန်အတွက် မိမိတို့ KNU/KNLA နယ်မြေများအတွင်း မိမိတို့သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်းကိုသာ ဗမာ့တပ်မတော်မှသွားလာမှုပြုရန်။

၄။ ဗမာ့တပ်မတော်မှ KNU/KNLA နယ်မြေအတွင်း အကြောင်းတစုံတရာအားဖြင့် ဝင်ရောက်ဖြတ်သန်းသွားလာရန်လိုအပ်ပါက ကြိုတင်ဆက်သွယ်အကြောင်းကြားရမည်။

၅။ KNU အုပ်ချုပ်ရေးနယ်မြေအတွင်း မိမိတို့ KNLA တပ်ဖွဲ့များ၏ သွားလာလှုပ်ရှားစည်းရုံးမှုကို ဗမာ့တပ်မတော် (သို့မဟုတ်)အစိုးရအာဏာပိုင်များမှ တားဆီးကန့်သတ်နှောင့်ယှက်ခြင်းမပြုရန်။

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မထိခိုက်စေရန်အတွက် KNU အုပ်ချုပ်ရေးနယ်မြေအတွင်း အစိုးရဖက်မှအုပ်ချုပ်ရေးလုပ်ငန်း၊ တရားစီရင်ရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ဆောင်ခြင်း မပြုလုပ်ရန်။

မိမိတို့ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သည် နယ်ခြားစောင့်တပ်ဖြစ်စေ၊ ပြည်သူ့ရဲဝန်ထမ်းဖြစ်စေ၊ အသွင်ပြောင်းခြင်းကိုလုံးဝ လက်ခံမည်မဟုတ်ပဲ လက်ရှိကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အဖြစ်သာ ဆက်လက်ရပ်တည်သွားမည်ဖြစ် ကြောင်း အတိအလင်းထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် - (+၆၆) ၈၉- ၉၅၇၅၁၂၁
၈၄- ၁၃၃၁၉၀၇

ဗဟိုစစ်ဦးစီးဌာနချုပ်
ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်